# FELLOWSHIP
# မိတ်သဟာယ

**သခင်ခရစ်တော်**၏ ငြိမ်သက်ခြင်း၌ အတူတကွခံစားရသည်မှာ အလွန်ပင်ပျော်ရွှင်ဝမ်းမြောက်စရာကောင်းလှပါသည်။

လူတို့ ကြံစည်၍မမှီနိုင်သော သခင်ခရစ်တော်၏ ငြိမ်သက်ခြင်းကျေးဇူးတော်သည် ကျွန်တော်တို့၏စိတ်နှလုံးထဲ၌ တည်ရှိနေပါသည်။ သခင်ခရစ်တော်ကို ကားတင်ခံရသူအဖြစ် ကျွန်တော်တို့ သိရှိထားပါသည်။ **သုံးရက်မြောက်သောနေ့တွင် သေခြင်းမှရှင်ပြန်ထမြောက်ခဲ့သူအဖြစ်**လည်း သိရှိထားပါသည်။

ကျွန်တော်တို့၏သခင်နှင့် ကယ်တင်ရှင်ဖြစ်သော သခင်ခရစ်တော်အားဖြင့် ဘုရားသခင်နှင့် ငြိမ်းချမ်းခြင်းရရှိပြီး ဖြစ်ပါသည်။ ဤအရာများကို ကျွန်တော်တို့ ယုံကြည်ပြီး သင်ကြားပေးပါသည်။ ကာရနီကုန်းတော်ပေါ်တွင် သခင်ခရစ်တော်သည် အောင်မြင်ခဲ့သော ငြိမ်သက်ခြင်းဖြင့် ကျွန်တော်တို့သည် ဘုရားသခင်နှင့် ပြန်လည်ပေါင်းစည်းခွင့်ရရှိပြီး ဖြစ်ပါသည်။

**သခင်ခရစ်တော်**ကို ယုံကြည်ခြင်းဖြင့် ဘုရားသခင်နှင့်ပေါင်းစည်းခွင့် ရရှိခြင်းသာမဟုတ်ဘဲ ကျွန်တော်တို့အချင်းချင်းသည်လည်း **သခင်ခရစ်တော်**၏အသင်းတော်၌ တူညီသောယုံကြည်ခြင်းဖြင့် ပေါင်းစည်း၍ တစ်လုံးတဝတည်း ဖြစ်လာကြသည်။ ကျွန်တော်တို့ ဘုရားသခင်နှင့်ငြိမ်းချမ်းခြင်းရရှိသကဲ့သို့ ကျွန်တော်တို့သည် အသင်းတော်၌ တဦးနှင့်တဦး ငြိမ်းချမ်းသောဆက်ဆံရေးရှိရန် လိုအပ်ပါသည်။

ရှင်ပေါလုဆိုသကဲ့သို့ **တစ်လုံးတဝတည်း**သော စိတ်သဘောရရှိရန် နှုတ်ကပတ်တော်ကို မှန်ကန်စွာနှင့်တိကျစွာ သွန်သင်ခြင်းများကို လက်ခံသဘောတူရန် လိုအပ်ပါသည်။ ဘုရားသခင်၏နိုင်ငံတော်အတွက် အတူတကွလုပ်ဆောင်နိုင်စေရန် မျက်မြင်ရသော မြေကြီးပေါ်ရှိ အသင်းတော်သည် ကျွန်တော်တို့၌ ရှိပါသည်။ ကျွန်တော်တို့၏တစ်လုံးတစ်ဝတည်း ဖြစ်ခြင်းသည် စစ်မှန်သော **ဘုရားသခင်၏နှုတ်ကပတ်တော်**ပေါ်၌ အခြေခံထားပါသည်။ ကျွန်တော်တို့သည် လွဲမှားသောသင်ကြားမှုများနှင့် ယင်းကို သင်ကြားသောဆရာတို့ ခွင့်ပြုလက်ခံမည် မဟုတ်ပါ။ **တပါးတည်းသော စိတ်ဝိညာဉ်၌ တည်၍ ၊ ဧဝံဂေလိတရားနှင့်ဆိုင်သော ယုံကြည်ခြင်းအဘို့အလို့ငှာ တညီတညွတ်တည်း ကြိုးစားအားထုတ်ကြသည့်အကြောင်း. . . . . ဖိလိ ၁ း ၂၇**

နှုတ်ကပတ်တော်အပေါ်၌ မတည်သော ညီညွတ်ခြင်းသည် သမ္မာတရား၌ ဖော်ပြထားသော တလုံးတဝတည်းသော ညီညွတ်ခြင်း မဟုတ်ပါ။

ဘုရားသခင်အတွက် ခရစ်ယာန်များအတူတကွစု၍ လုပ်ဆောင်ကြရ၏။ အတူတကွ ဘုရားသခင်ကို ဝတ်ပြုကြရန် သမ္မာကျမ်းစာမှ ထပ်ခါထပ်ခါဖော်ပြနေခြင်းမှာ နှုတ်ကပတ်တော်ပေါ်၌ တူညီသောယုံကြည်ခံယူချက်ရရှိရေးအတွက် ဖြစ်ပါသည်။ **‘ညီအစ်ကိုတို့၊ သင်တို့ရှိသမျှသည် စကားတညီတညွတ်တည်းဖြစ်၍ အချင်းချင်းမကွဲပြားဘဲ စိတ်သဘော တစ်သံတသမတ်တည်း ရှိသည်နှင့် စေ့စပ်စုံလင်ကြမည့်အကြောင်း၊ ငါတို့သခင်ယေရှုခရစ်၏ နာမတော်မြတ်ကိုအမှီပြု၍ သင်တို့ကိုငါ နှိုးဆော်တောင်းပန်ပါ၏’ ၁ ကော ၁ း ၁၀**

ဘုရားသခင်၏မျက်မှောက်တွင် ကျွန်တော်တို့၏ညီညွတ်ခြင်း(သို့)တလုံးတဝတည်းဖြစ်ရန် ဘုရားသခင်၏နှုတ်ကပတ်တော်မှ သွန်သင်သည့်အရာများကို အပိုဆောင်းခြင်းမရှိ၊ နှုတ်ယူထားခြင်းမရှိမှသာ အသင်းတော်မှ

လက်ခံပါမည်။

ဘုရားသခင်၏ဖော်ပြချက်တို့ကို ကျွန်တော်တို့နှင့်တူညီစွာလက်ခံလျှင် မိတ်သဟာယဖွဲ့နိုင်ပြီး ဝတ်ပြုခြင်း၊ ဆုတောင်းခြင်း၊ သွန်သင်ခြင်း၊ တရားဒေသနာဟောပြောခြင်းနှင့်အသင်းတော်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ပါသည်။

ကျွန်တော်တို့အသင်းတော်တွင် လွဲမှားသောသွန်သင်ချက်များကို ခွင့်ပြုမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် **ဘုရားသခင်မှ ခွင့်မပြု၍**ဖြစ်ပါသည်။ ရှင်ပေါလုပြောသည့်အတိုင်း မှားယွင်းသောသွန်သင်ချက်တခုကိုပင် ကျွန်တော်တို့ ခွင့်မပြုပါ။ **အနည်းငယ်သော တဆေးသည် မုန့်စိမ်းတပုံလုံးကို ဖောင်းကြွစေတတ်၏။**
**ဂလာတိ ၅ း ၉**

သခင်ဘုရားမှလည်း ကျွန်တော်တို့ နှုတ်ကပတ်တော်၌ ရပ်တည်၍(သို့)ဆက်လက်ခံယူလျှက် မိစ္ဆာပရောဖက်တို့ကို သတိထားရှောင်ရှားရန် သွန်သင်ထားပါသည်။ ယင်းအတွက် ကျွန်တော်တို့ မှားယွင်းသောသွန်သင်ချက်များကို လက်မခံ ခွင့်မပြုသကဲ့သို့ ယင်းကဲ့သို့သင်ကြားသူကိုလည်း လက်မခံပါ။ မှားယွင်းသောသွန်သင်ချက်နှင့် သွန်သင်သူတို့ကို ကျွန်တော်တို့၏အသင်းတော်တွင် ခွင့်မပြုသဖြင့် ထိုသူ၏အသင်းတော်(သို့)အဖွဲ့အစည်းနှင့် မိတ်သဟာယပြုမည် မဟုတ်ပါ။ နှုတ်ကပတ်တော်မှ ရှင်းလင်းစွာ ဖော်ပြထားပါသည်။ **'ညီအစ်ကိုတို့၊ သင်တို့ခံရပြီးသော ဆုံးမသြဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်သော သင်းခွဲခြင်း၊ မှားယွင်းခြင်းအကြောင်းကို ပြုတတ်သောသူတို့ကို မှတ်၍ရှောင်ကြလော့ဟု ငါသတိပေး၏။ အကြောင်းမူကား ထိုသို့သောသူတို့သည် ငါတို့သခင်ခရစ်တော်၏အမှုကိုမဆောင်ရွက်ဘဲလျှက် မိမိတို့ဝမ်း၏အမှုကိုသာ ဆောင်ရွက်၍ လောကဝတ်စကားနှင့် ချော့မောသောစကားအားဖြင့် စိတ်ကောင်းသောသူတို့ကို လှည့်ဖြားတတ်ကြ၏'**
**ရောမ ၁၆ း ၁၇ - ၁၈**

**သို့သော်လည်း ယုဒလူတို့တွင် မိစ္ဆာပရောဖက် ရှိကြ၏။ ထိုနည်းတူ ဖျက်ဆီးတတ်သော မိစ္ဆာဒိဋ္ဌိအယူများကို ပရိယာယ်အားဖြင့်သွင်း၍ မိမိတို့ကိုဝယ်တော်မူသောအရှင်ကို ငြင်းပယ်လျှက်၊ မိမိတို့အပေါ်သို့ လျှင်စွာသောဖျက်ဆီးခြင်းကို ရောက်စေသော မိစ္ဆာဆရာတို့သည် သင်တို့တွင် ရှိကြလိမ့်မည်။** **၂ ပေ ၂ း ၁**

ကျွန်တော်တို့နှင့်သဘောတူညီသောသူတို့နှင့် ကျွန်တော်တို့ ဆုတောင်းပါမည်။ ခံယူချက်တချို့လွဲနေသော အသင်းတော်များသို့ ကျွန်တော်တို့၏ တရားဟောဆရာများကို မလွှတ်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော် အမှန်တရားပေါ်တွင် ရပ်တည်နေသော အသင်းတော်၏ဟောပြောသွန်သင်ချက်များတွင် သုံးနိုင်ရန်အလှူငွေများ လှူဒါန်းပြီး လွဲမှားသဖြင့် ပြစ်ဒဏ်သင့်မည့်အသင်းတော်များသို့ မလှူဒါန်းပါ။ ကျွန်တော်တို့ သဘောတူညီသည့်အတွက် ကျမ်းစာလေ့လာကြပါသည်။ ကျွန်တော်တို့နှင့် ဝန်ခံခြင်းတူညီသည့်အတွက် အတူတကွ ဒူးထောက်လျှက် သခင်ဘုရား၏ အသားတော်နှင့်အသွေးတော်ကို ဆက်ဆံကြပါသည်။

**ကျွန်တော်တို့ အခြားအသင်းတော်တို့တွင် ပွဲတော်မယူပါ။** သူတို့၏သွန်သင်ချက်ကို ကျွန်တော်တို့ လက်မခံ၍ ဖြစ်ပါသည်။ သေးငယ်သောအမှားသည် ကင်ဆာရောဂါကဲ့သို့ တဖြည်းဖြည်းနှင့်အားလုံးကို ဝါးမြိုပါလိမ့်မည်။ သမ္မာကျမ်းစာ၏ စုံလင်ပြည့်ဝမှုသည် သွန်သင်ရန်နှင့် သင်ယူရန်အတွက် အကောင်းဆုံး ရတနာသိုက်ဖြစ်သည်ဟု ခံယူပါသည်။

မှားယွင်းသောလွဲမှားမှုသည် မည်မျှအန္တရယ်ရှိသည်ကို သိရှိထားရန် လိုအပ်ပါသည်။ သင်သည် ရေသန့်ကို

ရွှံ့ရေဖြင့် ရောစပ်လိုက်ပါက ရေသန့်မဟုတ်တော့ပါ။ သင်သည် မည်သည့်အရာကို သောက်မည်နည်း။ ရေသန့်လား?၊ ရွှံ့ရေလား?။ အနည်းငယ်သောရွှံ့ရေကို သန့်ရှင်းသောရေထဲသို့ ထည့်လိုက်သည်နှင့် သန့်ရှင်းသောရေမဟုတ်တော့ပါ။

ဤကဲ့သို့ပင် ဘုရားသခင်၏ နှုတ်ကပတ်တော်တခုလုံးကို သွန်သင်ပေးရပါမည်။ **တချို့(သို့) အပိုင်းတစ်ခုလောက်ကို မသွန်သင်ရပါ။** ဘုရားသခင်၏ နှုတ်ကပတ်တော်အရ မည်သည့်အရာသည် မှန်သည်၊ မည်သည့်အရာသည်မှားသည်ကို ညွှန်ပြရမည့်တာဝန် ကျွန်ုပ်တို့၌ရှိပါသည်။ ကျွန်တော်တို့သည် မစီရင်ပါ။ နှုတ်ကပတ်တော်ကိုယ်တိုင်ပင် စီရင်ပါလိမ့်မည်။

သမ္မာကျမ်းစာထဲမှ **ကောက်နှုတ်ခြင်း၊ ရွေးချယ်ခြင်း**ပြု၍ သွန်သင်ခြင်းသည် အလွန်ရဲရင့်သော မိုက်မဲမှုသာ ဖြစ်ပါသည်။ ဘုရားသခင်သည် ရှာဖွေလေ့လာရန်၊ ဝေငှရန်၊ ကြော်ငြာရန်၊ သင်ကြားရန်နှင့် ယုံကြည်ရန်အတွက် သမ္မာကျမ်းစာတခုလုံးကို ပေးထားပါသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်မှ တခုခုကိုဖယ်ထုတ်လိုက်ခြင်းသည် ကင်ဆာရောဂါဖြစ်သူကဲ့သို့ အင်အားချည့်နဲ့သွားပါမည်။ ရှင်ပေါလုသည် မှားယွင်းသောသင်ကြားမှုများကို ကင်ဆာရောဂါနှင့် နှိုင်းယှဉ်ပြသည်။ လူတဦးတွင် ကင်ဆာဖြစ်သည်နှင့် သူ၏အဆုံးမှာ သေခြင်းဖြစ်ပါသည်။ မှားယွင်းသော သွန်သင်ချက်တို့သည်လည်း အမှန်တရားကို ဖျက်ဆီးပါမည်။ ကင်ဆာရောဂါသည် ကြီုတင်၍ လက္ခဏာ မပြပါ။ ယင်းကဲ့သိုပင် အနည်းငယ်သော မှားယွင်းမှုသည်လည်းဖြစ်၏။ အစပထမ၌ အန္တရာယ်အလွန်ရှိကြောင်း မပြပါ။ တဖြည်းဖြည်းလှိုက်စားပြီး ပွါးလာသောအခါ အဆုံးတွင် ဝိညာဉ်ကို ဖျက်ဆီးလိုက်ပါလိမ့်မည်။

ကျွန်တော်တို့၏ ဤအချိန်ကာလတွင် မာရ်နတ်သည် ကျွန်တော်တို့၏ယုံကြည်ခြင်းကို အဆိုးဆုံးသော နည်းများဖြင့် လုယူပါလိမ့်မည်။ ကြိုးစား၍ ကျွန်တော်တို့၏ ယုံကြည်ခြင်းအုတ်မြစ်ဖြစ်သော နှုတ်ကပတ်တော်ကို ဖျက်ဆီးပါလိမ့်မည်။

မှားယွင်းသောမျိုးစေ့များကိုကြဲပြီး အမြစ်တွယ်စေလျှက် အဆိပ်သင့် ပြန့်နှံ့ရန်လုပ်ဆောင်သူမှာ ကျွန်တော်တို့၏ ရန်သူပင် ဖြစ်ပါသည်။ ယင်းအဆိပ်ကိုဖြေရန်နည်းမှာ သမ္မာကျမ်းစာကို ယင်း၏အမှတ်တရားနှင့် တွယ်ကပ်ထားပြီး ပြန့်နှံ့ရန်လုပ်ဆောင်ခြင်းပင် ဖြစ်ပါသည်။ မိမိတို့အသင်းတော်တွင် ပါဝင်ဝတ်ပြု၍ ကျွန်တော်တို့၏ယုံကြည်ခြင်းကို ထပ်လောင်းတည်ဆောက်ရန် ဟောပြောချက်များကို ကြားနာကြပါစို့။ ယင်းအမှန်တရားကို ဟောပြောသွန်သင်ရန်အတွက် ပါဝင်ကူညီပါက များစွာသောသူတို့သည် ကြားနာပြီး စာတန်၏ ထောက်ချောက်ထဲမှ လွတ်ထွက်နိုင်ပါလိမ့်မည်။

ခရစ်ယာန်သာသနာတော်ကြီးကို လွှန်စွာဒုက္ခပေးနေလျှက်ရှိသော မှားယွင်းချက်များသည် မိမိတို့၏ အသင်းတော်တွင် ကင်းဝေးစေရေးအတွက် ကြိုးစားအားထုတ်ကြပါစို့-

ကယ်တင်ရှင်ဘုရား ဤအချိန်ကာလတွင် ကျွန်တော်တို့အတွက် ကိုယ်တော်၏နှုတ်ကပတ်တော်ကို စောင့်ထိန်းပေးတော်မူပါ။

**သင်တို့သည် ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်တည်းဟူသော ဘုရားသခင်ကို တညီတညွတ်တည်း နှုတ်မြွက်၍ ချီးမွမ်းစေခြင်းငှါ ယေရှုခရစ်၏ အလိုတော်အတိုင်း အချင်းချင်း စိတ်တညီတညွတ်တည်း ရှိကြမည့်အကြောင်း၊ သည်းခံခြင်း၊ သက်သာခြင်း၏ အရှင်ဘုရားသခင်သည် ကယ်မ သနားတော်မူပါစေသော။** **ရောမ ၁၅ း ၅**

ဘုန်းတော်ကြီးချားအက်ဒွပ် (သင်းအုပ်)

တိုင်းရင်သားလူသာရင်အသင်းတော်၊ရန်ကုန်မြို့၊ charlesedwards56@gmail.com